# Imbalance in Work and Life of a Myanmar Migrant Worker on a Thai-Myanmar Border, Mae Sot, Turning him into a Vulnerable Patient

စာရေးသူ- မြယွန်းလွှာ (အာရှ အမျိုးသမီးများ တက္ကသိုလ်)

ရက်စွဲ- ၁၇ မတ်လ ၂၀၁၆၊ မနက် ၁၁:၄၇

**လူတစ်ယောက်က သူ သို့မဟုတ် သူမရဲ့ အလုပ်နဲ့ ဘဝနေထိုင်မှုပုံစံ ထပ်တူမျှတမှု လုံးဝမရှိရင် ဘယ်လိုလုပ်ကြမလဲ။ အလုပ်နဲ့ ဘဝနေထိုင်မှုပုံစံ ထပ်တူမျှတမှု မရှိခြင်းဟာ အဲ့ဒီလူကို စိတ်ရော ကိုယ်ပါ ဘယ်လို အကျိုးသက်ရောက်နိုင်သလဲ။**

လူတစ်ယောက်က သူ သို့မဟုတ် သူမရဲ့ အလုပ်နဲ့ ဘဝနေထိုင်မှုပုံစံ ထပ်တူမျှတမှု လုံးဝမရှိရင် ဘယ်လိုလုပ်ကြမလဲ။ အလုပ်နဲ့ ဘဝနေထိုင်မှုပုံစံ ထပ်တူမျှတမှု မရှိခြင်းဟာ အဲ့ဒီလူကို စိတ်ရော ကိုယ်ပါ ဘယ်လို အကျိုးသက်ရောက်နိုင်သလဲ။ ပြည်သူ့ကျန်းမာရေးကျောင်းသူရဲ့ အမြင်ဘက်က ကြည့်မယ်ဆိုရင် အလုပ်နဲ့ ဘဝနေထိုင်မှုပုံစံ ထပ်တူမျှတမှု မရှိခြင်းဟာ စိတ်ကျန်းမာရေးကိုပါ ထိခိုက် ပျက်စီးစေသည်အထိ လူတစ်ယောက်ရဲ့ ကျန်းမာရေးကို ဆိုးရွားစွာ ထိခိုက်စေနိုင်ပါတယ်။



ဒါဆိုရင် ဒီနေရာမှာ ရွှေ့ပြောင်းနေထိုင်သူအဖြစ် ထိုင်း မြန်မာ နယ်စပ် မဲဆောက်မြို့မှာ နေထိုင်လျက်ရှိတဲ့ လူတစ်ယောက်ရဲ့ တကယ့်ဖြစ်ရပ်မှန် ဇာတ်လမ်းလေးကို ခဏလောက် အချိန်ပေး လေ့လာကြည့်ကြရအောင်။ သူက ၂၀၀၆ ခုနှစ်မှာ ထိုင်းနိုင်ငံကို ပြောင်းရွှေ့သွားခဲ့တယ်။ ပြီးတော့ သူ့ဇနီး နဲ့ အခြားမိသားစုဝင်တွေဖြစ်ကြတဲ့ သူ့ရဲ့ မိခင်၊ မောင်နှမ၊ တူ၊ တူမတွေနဲ့ ခွဲခွာပြီး ဘန်ကောက်မြို့မှာ ၃နှစ် ကြာကြာ အခြေခံလစာအလုပ်သမားအနေနဲ့ အလုပ်လုပ်ခဲ့တယ်။ ဒီနေရာမှာ

ကျွန်မထောက်ပြချင်တာကတော့ "သူလိုမျိုး ရွှေ့ပြောင်းအလုပ်သမားတွေမှာ အလုပ်နဲ့ ဘဝနေထိုင်မှုပုံစံ ထပ်တူမျှတခြင်းဟာ ဘယ်မှာရှိနိုင်မလဲ။" ကောင်းပြီလေ… သူဇနီးကို သူ ညတိုင်း တစ်နေ့ တစ်ကြိမ် ဖုန်းပြောပါတယ်။ ဒါပေမယ့် ဒီနေရာမှာ မေးခွန်းတစ်ခုပဲရှိပါတယ်။ အဲ့လိုလုပ်လို့ သူ့အတွက် လုံလောက်ပြီလား။ မလုံလောက်ပါဘူး၊ လုံးဝပါပဲ။ သူ့ရဲ့ အိမ်မှာလုပ်တဲ့ အစားအစာတွေ၊ တစ်နေ့လုံး အကြာကြီး အလုပ်လုပ်ပြီး အလုပ်ကနေ ပြန်လာလို့ ညနေစာစားရင် မိသားစု စုံစုံလင်လင် ဆုံဆည်းကြတဲ့ အချိန်လေးတွေ၊ ပျော်ရွှင်မှုတွေနဲ့ ရယ်မောသံတွေကို သူက လွမ်းဆွတ်နေခဲ့ပါတယ်။ အဲ့ဒီတော့ စဉ်းစားရမှာက ဘယ်လိုတွေ ဘာတွေဆက်ဖြစ်သလဲ။ ပင်လယ်တွေနဲ့ ကာရံထားတဲ့၊ အဓိက ကုန်းမြေနဲ့ ဆက်သွယ်မှုဝေးတဲ့ ကျွန်းလေးတစ်ကျွန်းပေါ် မှာရှိတဲ့ ဟိုတယ်လေးမှာ ဥယျာဉ်ပန်းပျိုးသူအဖြစ်နဲ့ သူ အလုပ်လုပ်ရရှာတယ်။ ရုပ်ရှင်ထဲကလိုမျိုး ကမ်းခြေ ဒါမှမဟုတ် ပင်လယ်ပြင်ကြီးဘက်ထွက်သွားရင် စိတ်တွေ ကြည်နူးလာတာတို့ လန်းဆန်းလာတာတို့လိုပေါ့ … နေ့စဉ်နေ့တိုင်း သူ ပင်လယ်ပြင်ကြီးကို မြင်နေရတာ သူမပျော်ဘူးလား လို့မေးချင်ကြပါလိမ့်မယ်။ သေချာတဲ့ အဖြေတစ်ခုကတော့ လုံးဝပါပဲ မပျော်ပါဘူး ဝမ်းလည်း မသာပါဘူး။ အီကွေတာနားမှာရှိပြီး ရာသီဥတုအရမ်းပူပြင်းတဲ့ ထိုင်းနိုင်ငံနဲ့ မတူတဲ့ သူ့ရဲ့ အရမ်း အေးချမ်းလှပြီး ရာသီဥတုကောင်းမွန်သာယာတဲ့  မွေးရပ်မြေလေးကို သူပြန်ချင်တယ်လို့ အမြဲညည်းတွားနေခဲ့ပါတယ်။



ဒီလိုနဲ့ ၃နှစ်ကြာတဲ့နောက်မှာတော့ သူ့ဇနီးနဲ့ အခြားမိသားစုဝင်တွေနဲ့အတူ ပြန်လာနေဖို့အတွက် ထိုင်း မြန်မာနယ်စပ် မဲဆောက်မြို့ကို ပြန်လာခဲ့ပါတယ်။ ဒါပေမယ့် မြို့ထဲမှာ သွားလာနေဖို့နဲ့ အလုပ်ဆက်လုပ်ဖို့ သူ့မှာ ယာယီမှတ်ပုံတင် ရှိပါသလားလို့ မေးချင်ပါတယ်။ သူ့ရဲ့ မိသားစုဝင်တွေ အားလုံး သူ့အတွက် မှတ်ပုံတင်လေးရဖို့ ကြိုးစားခဲ့ကြပါတယ်။ ဒါပေမယ့် ကံမကောင်းစွာနဲ့ဘဲ အဲ့ဒီအချိန်တုန်းက ထိုင်းယာယီနေထိုင်ခွင့်မှတ်ပုံတင်တစ်ခုရဖို့က အရမ်းကို ခက်ခဲတဲ့ အချိန်ကာလဖြစ်နေလို့ပါပဲ။ တကယ်လို့

ယာယီနေထိုင်ခွင့် လက်မှတ် မရှိရင် ရွှေ့ပြောင်းအလုပ်သမားတွေဟာ ထိုင်းနိုင်ငံအတွင်းမှာ သူတို့ တရားမဝင် နေထိုင်ခြင်းဆိုတဲ့ အကြောင်းပြချက်နဲ့ ထိုင်းရဲတွေရဲ့ ဖမ်းဆီးခြင်းကို ခံရပါမယ်။ ဒါကြောင့် သူဟာ နေ့စဉ်နေ့တိုင်း တစ်နေ့လုံး တစ်ညလုံး အိမ်ထဲမှာဘဲ နေထိုင်ခြင်းနဲ့ အဆုံးသတ်ခဲ့ရပါတယ်။ ဒီအချိန်မှာ နောက်တစ်ခု ထောက်ပြစရာက သူအလုပ်မလုပ်ရတဲ့အတွက်၊ သူ့လုပ်ဖော်ကိုင်ဖက်တွေနဲ့ မတွေ့ရတဲ့အတွက် သူပျော်ရွှင် ကျေနပ်မှုရှိပါရဲ့လား။ အရင်တုန်းကတော့ မိသားစုနဲ့ အတူတူမနေရတဲ့ ဘဝနေထိုင်မှုပုံစံနဲ့ သူမပျော်ရွှင်ခဲ့ရပါဘူး။ အခု အိမ်ကိုပြန်လာပြီးတဲ့ နောက်ပိုင်းမှာလည်း သူအလုပ်မလုပ်ရတဲ့ အတွက် နေသားမကျဖြစ်ခဲ့ပါတယ်။ အဲ့ဒီတော့ ဝင်ငွေမရှိတဲ့ ယောကျာ်းတစ်ယောက်မှာ နောက်ဆက်တွဲဘာတွေ ဖြစ်လာသလဲ။ သူ့မာနနဲ့ ဂုဏ်သိက္ခာတွေဟာ တခြားသူတွေရဲ့ အတွေးအမြင် သဘောထားတွေမှာ ကျဆင်းသွားခဲ့ပါတယ်။



မိသားစုရဲ့ ဖိအားနဲ့ အလုပ်မရှိသူ၊ ဘယ်မှ မသွားရသူတစ်ယောက်အနေနဲ့ ဖြစ်လေ့ဖြစ်ထရှိတဲ့ စိတ်ဖိစီးမှုတွေကြောင့် ၂၀၁၃ ခုနှစ်မှာတော့ သူ့ရဲ့ အာရုံကြောတွေဟာ စတင်ပျက်စီးလာပါတယ်။ ဘန်ကောက်မှာ သူအလုပ်လုပ်နေခဲ့စဉ်ကလည်း ပင်ပန်းနွမ်းနယ်တိုင်း စိတ်ပြန်ကြည်စေတဲ့ အားပြန်ဖြည့်ပေးတယ်လို့ ထင်ရတဲ့ ကျန်းမာရေးကို ထိခိုက်စေတဲ့ အချိုရည်တွေကို အများအပြား သူသောက်သုံးခဲ့ပါတယ် (ကျွန်မ ဒီနေရာမှာ ဆရာဝန်တွေကိုယ်တိုင်က ကျန်းမာရေးကို ဆိုးရွားစွာ ထိခိုက်စေပါတယ်လို့ အဆိုပြုထားတဲ့ အဲ့ဒီအချိုရည်ရဲ့ နာမည်ကို မဖော်ပြလိုပါ။) တကယ်လို့ သူသာ မိသားစုနဲ့ အတူတူ နေထိုင်ရင်း အလုပ်လုပ်ခွင့်ရခဲ့မယ်ဆိုရင် သူ အလုပ်ကနေ ပင်ပန်းလို့ ပြန်လာတိုင်း သူ့မိသားစုကနေ ကျန်းမာပြီး လတ်ဆတ်တဲ့ အချိုရည်တွေကို သူ့အတွက် လုပ်ပေးခဲ့မိမှာ သေချာပါတယ်။ သူအခုလို အရမ်းပြင်းထန်တဲ့ ရောဂါ ရသွားခြင်း၊ အာရုံကြော ပျက်စီးသွားခြင်းက တကယ်ကို ဖြစ်နိုင်ချေရှိပါတယ်။ သူ့ရဲ့ ကျန်းမာရေးနဲ့ မညီညွတ်တဲ့ ဘဝနေထိုင်မှုပုံစံနဲ့ အလုပ်အကိုင်အခြေအနေတွေက သူ့ကို အာရုံကြောပျက်စီးခြင်းရောဂါကို ရစေခဲ့ပါတယ်။



ယခုအချိန်ထိတိုင်အောင် လစဉ်လတိုင်း ပိုက်ဆံတွေ အများအပြား အကုန်အကျခံကာ ဆေးရုံမှာ သူ ဆေးကုသမှု ခံယူနေရပါတယ်။ ဆေးတွေလည်း အများကြီးသောက်ရပါတယ်။ တခါတရံမှာ အဝေးမှာ ရောက်နေတဲ့ မိသားစုဝင်တွေ အိမ်ပြန်လာရင် သူ မမှတ်မိနိုင်တော့ပါဘူး။ ဆီးလည်း မထိန်းနိုင်တော့ပါဘူး။ လမ်းလည်း မလျှောက်နိုင်တော့ပါဘူး။ တကယ်တော့ သူ့မိသားစုနဲ့အတူ တစ်အိမ်ထဲမှာ နေနေရပေမယ့်လည်း  ဘယ်ကိုမှ မသွားရ၊ သူကိုယ်တိုင် ဘယ်အရာမှ မလုပ်နိုင်တော့တဲ့ အတွက်ကြောင့် အကျဉ်းချခံထားရတဲ့ အရူးထောင် သို့မဟုတ် အရူးဆေးရုံမှာ နေနေရသလိုဖြစ်နေပါတယ်။ နေ့စဉ်နေ့တိုင်း ဒီမျက်နှာတွေဘဲ မြင်ရတွေ့ရ၊ အစာစားချိန်မှာ ထိုင်ခုံလေးပေါ်မှာ သူ့ဇနီး ထမင်းခွံ့ကျွေးတာ စားတာက လွဲလို့ ဒီအိပ်ယာပေါ်မှာဘဲ တနေ့လုံး လဲလျောင်းနေရပါတယ်။



တကယ်တော့ သူဟာ သူ့ဘဝကို နောက်ထပ် လုံးဝ မနစ်သက်တော့တဲ့ အားနွဲ့တဲ့ ဒုက္ခိတ ဘဝကို ရောက်ခဲ့ရပါတယ်။ အဲ့ဒီအတွက်ကြောင့် အိမ်မှာ နေနေရသော်လည်း အရူးထောင် သို့မဟုတ် အရူးဆေးရုံလိုသာသာ သာ ရှိတဲ့ နေရာတွေမှာ နေနေရတဲ့ သူတွေ၊ အခွင့်အရေးတွေ ဆုံးရှုံးနေတဲ့၊ တခြားလူတွေလို တန်းတူညီမျှ နေထိုင်ခွင့်မရှိတဲ့၊ အခွင့်အရေးတွေ မရှိတဲ့ ရွှေ့ပြောင်းမြန်မာအလုပ်သမားတွေအတွက် စိတ်ရောကိုယ်ပါ အလုပ်လုပ်ပေးမယ့် တက်ကြွလုပ်ရှားသူတွေကို ကျွန်မ ဒီနေရာကနေ ခေါ်ပါရစေ။ သူတို့လေးတွေမှာ အလုပ်အကိုင်နဲ့ သူတို့ရဲ့ သူငယ်ချင်းမိတ်ဆွေ၊ မိသားစုနဲ့ ဘဝနေထိုင်မှုပုံစံကို မျှတ ပျော်ရွှင်စွာ မဖြတ်သန်းနိုင်ကြပါဘူး။

Summary for non-Burmese readers

The article is about a Myanmar migrant worker who does not enjoy his workplace in Bangkok due to being away from all of his family members. Later on, when he goes back home and stops working, he becomes sick both psychologically and physically due to family pressure for not having a job on a Thai-Myanmar border, Mae Sot, and previous working conditions. As a migrant worker, it is difficult to get a temporary identification card in his time and he ends up staying at home which is literally like an asylum. All of his unhealthy lifestyle, stress, and family pressure result him in having nerve damage and becoming paralyzed.